# ၁ နှင့် ၂ ဘုရင်များစာစောင်

Message Three

## လေဝိရှဲသည် အသက်၌ ကျေးဇူးတော်၏အမှုတော်တွင် ခရစ်တော်ကို ပုံဆောင်ချက်ဖြစ်ခြင်းနှင့် ဘုရားသခင်၏လူအဖြစ် မိမိကိုယ်ကို ဘုရားသခင်၏ ကိုယ်စားပြုအဖြစ်၊ ပြုမူလုပ်ဆောင်သော ဘုရားသခင်အဖြစ် ပြုမူခြင်း

ဖတ်ရန်ကျမ်း။   ။၂ဘုရင်၊၂း၁၉-၂၂။ ၄း၁-၆း၇

I. **လေဝိရှဲသည် အသက်၌ကျေးဇူးတော်၏ အံ့ဖွယ်နိမိတ်လက္ခဏာများကို ပြုခြင်း၌ ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်သည် - ၂ဘုရင်၊၄း၉။ လု၊၄း၂၇။**

A. ဓမ္မဟောင်းရှိ ပုံဆောင်ချက်များနှင့် သရုပ်ဖော်ပြချက်များ ပြီးမြောက်ပြည့်စုံခြင်း၌ ခရစ်တော်သည် စစ်မှန်သော လေဝိရှဲဖြစ်သည်။ စစ်မှန်သော လေဝိရှဲအဖြစ် သခင်ယေရှုသည် ချိုမြိန်သော၊ နှစ်လိုဖွယ်သော ပရောဖက်၊ ကောင်းချီးမင်္ဂလာ၏ ပရောဖက် ဖြစ်သည် - ၂ဘုရင်၊၄း၉။ လု၊၄း၂၇။ ၇း၁၁-၁၇။

B. လေဝိရှဲသည် ဓမ္မဟောင်းရှိ ပုံဆောင်ချက်ဖြစ်ပြီး၊ ကျေးဇူးတော်၌ ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းကို ကိုယ်စားပြုသောသူ ဖြစ်သည်။

1. ကျေးဇူးတော်သည် ဘုရားသခင်က ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအဖြစ် မိမိကိုယ်ကို ကျွန်ုပ်တို့ထံ ပေးအပ်ခြင်းအားဖြင့် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းကို လုပ်ဆောင်ခြင်း ဖြစ်သည် - ယော၊၁း၁၊ ၁၄-၁၇။
2. ဤကျေးဇူးတော်သည် ဘုရားဆိုင်ရာအသက်ကို ထွက်ပေါ်စေပြီး၊ ၎င်းသည် ကြွယ်ဝသော၊ မြင့်မားသော၊ ကျွန်ုပ်တို့ကို ခရစ်တော်နှင့်အတူ တွဲဖက်ရှင်ဘုရင်များပင် ဖြစ်စေသော အသက်ဖြစ်သည် - ရော၊၅း၁၇။

C. လေဝိရှဲပြုခဲ့သော ယေရိခေါမြို့တွင် ရေကို ချိုစေခြင်း အံ့ဖွယ်နိမိတ်လက္ခဏာနှင့် သခင်ယေရှုပြုခဲ့သော ရေကို စပျစ်ရည်အဖြစ်သို့ ပြောင်းလဲခြင်း အံ့ဖွယ်နိမိတ်လက္ခဏာတို့၏ ပုံဆောင်ချက်မှာ အတူတူပင်ဖြစ်သည် - သေခြင်းမှ အသက်အထဲသို့ ပြောင်းလဲခြင်း - ဖြစ်သည် - ၂ဘုရင်၊၂း၄၊ ၁၉-၂၂။ ယော၊၂း၁-၁၁။

D. လေဝိရှဲက မဖြစ်သေးသောအရာတို့ကို ဖြစ်ပြီးသောအရာကဲ့သို့ ပြောဆိုခြင်းမှာ သခင်ယေရှုက လူအုပ်ကြီးကို ကျွေးမွေးခဲ့သည့်အခါ ပြုခဲ့သော အလေ့အလာနှင့် အတူတူပင်ဖြစ်သည် - ၂ဘုရင်၊၄း၁-၇၊၈-၁၇၊ ၄၂-၄၄။ မ၊၁၄း၁၄-၂၁။ ၁၅း၃၂-၃၉။

E. လေဝိရှဲက သေသောသူကို သေခြင်းမှ ထမြောက်စေခြင်း၊ သေသောသူကို အသက်ပေးခြင်းမှာ သခင်ယေရှုက ရုပ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ပိုင်းဆိုင်ရာနှစ်ခုလုံး၌ ပြုခဲ့သည့်အရာနှင့် အတူတူပင်ဖြစ်သည် - ၂ဘုရင်၊၄း၁၈-၃၇။ လု၊၇း၁၁-၁၇။ ယော၊၁၁း၄၁-၄၄။ ၅း၂၅။

## ကြည်လင်ပြတ်သားစွာလေ့လာခြင်းကောက်နုတ်ချက်များ

F. ဧလိရှဲက တောဘူးသီးများ၏ အဆိပ်ကို မုန့်ညက်ဖြင့် ပျက်ပြယ်စေခြင်းမှာ သခင်ယေရှုက မုန့်ညက်ဖြစ်သော မိမိကိုယ်တော်တိုင်ဖြင့် ဖာရိရှဲတို့၏ တဆေးမှ ကိုယ်တော်၏ တပည့်တော်များအား အနာငြိမ်းစေခြင်းနှင့် အလေ့အလာ၌ အတူတူပင်ဖြစ်သည် - ၂ဘုရင်၊၄း၄၁။ မ၊၁၆း၁၂။

G. ဧလိရှဲက ရေထဲသို့ ကျသွားသောပုဆိန်ကို သစ်သားတုတ်ဖြင့် ရေပေါ်တွင် ပေါလောပေါ်စေခြင်းမှာ သေခြင်းရေအထဲသို့ ကျသွားခဲ့သည့် အပြစ်သားများ၏ ပျောက်ဆုံးသွားသော တန်ခိုးကို ရှင်ပြန်ထမြောက်ခြင်း၌ ကားတိုင်အားဖြင့် ခရစ်တော်၏ ပြန်လည်ရယူခြင်းကို ပုံဆောင်သည် - ၂ဘုရင်၊၆း၆။ ဧ၊၂း၁-၆။

H. ဧလိရှဲသည် အခြားသူများအတွက် ဘုရားဆိုင်ရာ အနာငြိမ်းစေခြင်း အံ့ဖွယ်နိမိတ်လက္ခဏာများကို ပြုခဲ့သည်၊ သို့သော် ဘုရားသခင်၏အလိုတော်၌ သူကိုယ်တိုင်သည် အံ့ဖွယ်နိမိတ်လက္ခဏာအားဖြင့် အနာငြိမ်းခြင်း မခံရပါ။ ဤသည်မှာ ပေါလုနှင့် သူ၏ လုပ်ဖော်ဆောင်ဖက်ချင်းများ၏ အတွေ့အကြုံဖြစ်သည် - ၂ဘုရင်၊၁၃း၁၄။

1. ပေါလုက တရောဖိမ်သည် ဖျားနာသောကြောင့် မိလက်မြို့၌ ထားခဲ့ပြီး၊ သူ့အတွက် အနာငြိမ်းစေခြင်းဆုတောင်းချက်ကို မလေ့ကျင့်ခဲ့ပါ၊ တိမောသေကိုလည်း သူ၏ အစာအိမ်အနာအား ကုသပေးဖို့ အနာငြိမ်းစေခြင်း ဆုကျေးဇူးကို လေ့ကျင့်ခြင်း မပြုခဲ့ပါ - ၂တိ၊၄း၂၀။ ၁တိ၊၅း၂၃။ တ၊၁၉း၁၁-၁၂။
2. ပေါလုနှင့် သူ၏လုပ်ဖော်ဆောင်ဖက်များသည် ထိုကဲ့သို့ ဒုက္ခခံရသော အချိန်ကာလတွင် အပြင်ပိုင်း ဆုကျေးဇူး၏တန်ခိုးအောက်၌ ရှိခြင်းထက်၊ အတွင်းပိုင်း အသက်၏ စောင့်ထိန်းကြပ်မတ်ပေးခြင်းအောက်၌ ရှိခဲ့ကြသည်။
    a. အရင်ကျသောအရာသည် အသက်၌ ကျေးဇူးတော်၏ အကြောင်းအရာဖြစ်သည်၊ နောက်ကျသောအရာမှာ တန်ခိုး - အံ့ဖွယ်နိမိတ်လက္ခဏာတန်ခိုး - ၌ ရှိသော ဆုကျေးဇူး၏ အကြောင်းအရာဖြစ်သည်။
    b. အသင်းတော်၏ ကျဆင်းခြင်းနှင့် တစ်ဦးတစ်ယောက်က အသင်းတော်အတွက် ဒုက္ခခံရခြင်း၌ တန်ခိုးတော်၏ ဆုကျေးဇူးသည် အသက်၌ရှိသော ကျေးဇူးတော်လောက် များးစွာ လိုအပ်ခြင်း မရှိပါ - ၂တိ၊၄း၂၂။

I. ဧလိရှဲသည် သူ၏ခန္ဓာကိုယ်မှာ သေဆုံးသွားခဲ့ပြီဖြစ်သော်လည်း၊ သေသောသူတို့မှ တစ်ဦးကို ပြန်ရှင်စေရန် ဝိညာဉ်၌ အမှု ဆောင်နေဆဲဖြစ်သည် - ၂ဘုရင်၊၁၃း၂၁။

1. သေလွန်ပြီးသော ဧလိရှဲကပင် လူများကို ပြန်ရှင်စေနိုင်ခဲ့သည်။
2. ဤသည်မှာ ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ခရစ်တော်၏ ရုပ်ပုံကားချပ်ဖြစ်သည် - ယော၊၁၁း၂၅။ တ၊၂း၂၄။ ဖိ၊၃း၁၀။

a. ကိုယ်တော်ကို ထိတွေ့သောသူမှန်သမျှသည် အသက်ပြန်ရှင်လာကြသည်။
b. အသစ်တစ်ဖန်မွေးဖွားခြင်းတွင် ဝိညာဉ်ရေးရာ သေနေသောပုဂ္ဂိုလ်က အသေခံ၍ ရှင်ပြန်ထမြောက်သော ခရစ်တော်ကို ထိတွေ့ပြီး အသက်ပြန်ရှင်လာခြင်း ပါဝင်နေသည် - ညွှန်း၊ ယော၊၅း၂၅။ ဧ၊၂း၁-၆က။

**II. မောရှေ၊ ရှမွေလနှင့် ပေါလုတို့ကဲ့သို့ပင် ဘုရားသခင်၏လူ ဧလိရှဲသည် ဘုရားသခင်၏ ကိုယ်စားပြုသူအဖြစ်၊ မြေကြီးပေါ်ပြုမူ လုပ်ဆောင်သော ဘုရားသခင်အဖြစ် ပြုမူခဲ့သည် - ၂ဘုရင်၊၄း၉။**

A. ယေဟောဝါသည် မောရှေအား သူ့ကို ဖာရောထံသို့ ဘုရားသခင် ဖြစ်စေခဲ့ကြောင်း ပြောခဲ့သည် - ထွ၊၇း၁က။
  1. မောရှေ၌ ဘုရားသခင်သည် ကိုယ်တော်ကို ကိုယ်စားပြုရန်နှင့် ကိုယ်တော်၏အလိုတော်ကို စီရင်လုပ်ဆောင်ရန် လူ တစ်ဦးကို ရရှိခဲ့သည်။ မောရှေသည် ဖာရောထံသို့ မိမိကိုယ်တိုင်အားဖြင့် ဘယ်သောအခါမျှ မပြောခဲ့ဘဲ၊ သခင်ဘုရားက သူ့အား ပြောစေလိုသည့်အရာကိုသာ အမြဲ ပြောခဲ့သည် - ၃း၁၆-၁၈။ ၅း၁။
  2. အမှန်မှာ ဖာရောသည် ဘုရားသခင်၏ သံတမန်ဖြစ်သူ မောရှေအား ကြားနာခြင်း၊ သူနှင့် ဆက်ဆံဖြေရှင်းခြင်း မဟုတ်ပါ၊ သူသည် ဘုရားသခင်ထံသို့ ကြားနာနေခြင်း၊ ဘုရားသခင်နှင့် ရင်ဆိုင်ဖြေရှင်းနေခြင်း ဖြစ်သည်။

B. ရှမွေလသည် မြေကြီးပေါ် ကိုယ်တော်၏လူမျိုးတော်အပေါ် အုပ်စိုးရန် ဘုရားသခင်၏ ကိုယ်စားပြုသူဖြစ်ခဲ့သည်။ ထိုသို့သောသူအနေဖြင့် ရှမွေလသည် ပြုမူလုပ်ဆောင်သော ဘုရားသခင် ဖြစ်သည် - ၁ရှမွေ၊၁း၁၁။ ၂း၃၅။ ၇း၃။ ၈း၂၂။
  1. ရှမွေလသည် ပြုမူလုပ်ဆောင်သော ဘုရားသခင် ဖြစ်နိုင်ခြင်းမှာ သူ၏ဖြစ်ခြင်းနှင့် ဘုရားသခင်၏စိတ်နှလုံးသည် တစ်ခုတည်း ဖြစ်သောကြောင့် ဖြစ်သည် - ၂း၃၅။
    a. သူသည် ဘုရားသခင်၏ စိတ်နှလုံးတော်အတိုင်း ဖြစ်သောလူတစ်ဦး ဖြစ်သည်။ ယင်းမှာ သူသည် ဘုရားသခင့်စိတ်နှလုံး၏ မိတ္တူ၊ မူပွားဖြစ်ခြင်း ဖြစ်သည်။
    b. ရှမွေလ၏ အသက်ရှင်ခြင်းနှင့် လုပ်ဆောင်ခြင်းသည် ဘုရားသခင်၏စိတ်နှလုံးတော်၌ ရှိသမျှကို သယ်ဆောင်ခြင်း အတွက်သာ ဖြစ်သည်။
  2. ရှမွေလသည် ဘုရားသခင်၏ဗျာဒိတ်တော်နှင့် ဘုရားသခင်၏စီမံခန့်ခွဲမှုဖြစ်သည်၊ ထို့ကြောင့် သူသည် ပြုမူလုပ်ဆောင်သော ဘုရားသခင်ဖြစ်သည်။

C. ဘုရားသခင်၏လူဖြစ်သော ပေါလုသည် သူ၏အမှုတော်တွင် ယုံကြည်သူများကို နှစ်သိမ့်သက်သာစေရာ၌၊ ဘုရားသခင်၏ ရိုးစင်းလွယ်ကူခြင်း၌ မိမိကိုယ်ကို ပြုမူနေ

ထိုင်ခြင်း၌၊ ဘုရားသခင်၏ သဝန်တိုခြင်းကို ထင်ရှားဖော်ပြရာ၌၊ ပြန်လည်သင့် မြတ်စေခြင်းအမှုတော်ကို သယ်ဆောင်ရန် ခရစ်တော်၏ သံတမန်ဖြစ်ခြင်းတို့၌ ပြုမူလုပ်ဆောင်သော ဘုရားသခင်ဖြစ် သည် -၂ကော၊၁း၃-၄၊ ၁၂။ ၁၁း၂။ ၅း၂၀။

1. တမန်တော်ပေါလု၏ ရှည်လျားသော၊ အကြောင်းမလှသော အကျဉ်းကျခံရသည့် ရေလမ်းခရီးစဉ် အားလုံးအတော အတွင်းတွင်၊ သခင်ဘုရားသည် သူ၏သြဇာအာဏာလွှမ်းမိုးခြင်း၌ တမန်တော်ကို စောင့်ထိန်းထားခဲ့၍၊ စိုးရိမ်ပူပန်ခြင်း၏ နယ်ပယ်ကို ကျော်လွန်အသက်ရှင်ရန် သူ့ကို တတ်စွမ်းစေခဲ့သည် - တ၊၂၇း၁၃-၂၈း၉။
   a. ဤအသက်တာသည် သာလွန်အထူးကဲဆုံးသော ဘုရားဂုဏ်အင်္ဂါတော်များကို ထင်ရှားသော လူသားကောင်းမြတ်ခြင်း၏ အမြင့်ဆုံးသော စံနှုန်းနှင့်အတူ၊ ပြည့်စုံသော ဂုဏ်အိန္ဒြေရှိခဲ့သော အသက်တာ၊ ထိုနှစ်များမတိုင်ခင် မြေကြီးပေါ်တွင် အသက်ရှင်ခဲ့သော သခင်ဘုရားကိုယ်တော်တိုင်နှင့် တူညီသော အသက်တာ ဖြစ်သည်။
   b. ဤသည်မှာ ကိုယ်တော်၏ ဘုရားဆိုင်ရာ ကြွယ်ဝစေသော လူ့ဇာတိ၌ မြေကြီးပေါ်တွင် ယေရှုတစ်ဖန် အသက် ရှင်ခြင်း ဖြစ်သည်။
   c. ဤသည်မှာ ဧဝံဂေလိကျမ်းများ၌ အသက်ရှင်သော အံ့သြဖွယ်သော၊ သာလွန်ထူးကဲသော နက်နဲသောဘုရား-လူ ဖြစ်ပြီး၊ ကိုယ်တော်၏ များစွာသော အင်္ဂါဝင်များမှ တစ်ယောက် အားဖြင့် တမန်တော်ဝတ္တု၌ ဆက်လက် အသက်ရှင်ခြင်း ဖြစ်သည်။
2. ဓမ္မသစ်ယုံကြည်သူများသည် ပြုမူလုပ်ဆောင်သော ဘုရားသခင်အဖြစ် လှုပ်ရှားလုပ်ဆောင်ခြင်း၌ ပေါလုကဲ့သို့ တူညီ မှုရှိနိုင်ပေသည် - ၁တိ၊၁း၁၆။

**III. ဘုရားသခင်၏ ရွေးချယ်ခံ၊ ရွေးနုတ်ခံ၊ အသစ်မွေးဖွားခံရသည့် လူများအဖြစ်၊ ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်သော၊ ဘုရားသခင်နှင့် စေ့စပ်ထုံးဖွဲ့ခံရသော၊ ဘုရားသခင်ကို အသက်ရှင်သော၊ ဘုရားသခင်ကို ထင်ရှားသော၊ ဘုရားသခင်နှင့်အတူ လှုပ်ရှားသော၊ ဘုရားသခင်ကို ကိုယ်စားပြုသောသူများအဖြစ် ကျွန်ုပ်တို့သည် ပြုမူလုပ်ဆောင်သော ဘုရားသခင်အဖြစ် လှုပ်ရှားလုပ် ဆောင်ခြင်း ရှိရပေမည် - ဧ၊၁း၄-၅။**

A. ဘုရားသခင်၏ ရွေးချယ်ခံ၊ ရွေးနုတ်ခံ၊ အသစ်မွေးဖွားခံရသော လူများအဖြစ် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် တစ်လုံး တစ်ဝဖြစ်သင့်သည် - ၁ကော၊၆း၁၇။
   1. သမ္မာကျမ်းစာ၏ အခြေခံအလေ့အလာမှာ ဘုရားသခင်သည် သူ၏စီမံကိန်း၌ မိမိကိုယ်တော်တိုင်ကို လူနှင့်အတူ တစ်လုံးတစ်ဝဖြစ်ရန်နှင့် လူကို ကိုယ်တော်နှင့်အတူ တစ်လုံးတစ်ဝဖြစ်ရန် လုပ်ဆောင်ခြင်း ဖြစ်သည် - ယော၊၁၅း၄။

2. ဘုရားသခင်သည် ဘုရားဆိုင်ရာအသက်နှင့် လူသားဆိုင်ရာအသက်အား အသက်တစ်ခုတည်းရှိ၍ တစ်ခုတည်းသော အသက်ရှင်ခြင်းရှိစေရန် အတူတကွ ပေါင်းစည်းဆက်နွှယ်စေဖို့ အလိုတော်ရှိသည် - ၁ကော၊၆း၁၇။

B. ကျွန်ုပ်တို့သည် ဘုရားသခင်ဖြင့် စေ့စပ်ထုံးဖွဲ့ခံရန် လိုအပ်သည် - ဧ၊၃း၁၇က။ ကော၊ ၃း၁၀-၁၁။

1. ဘုရားသခင်၏စီမံကိန်းမှာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဝေငှဖြန့်ဖြူးရန်ဖြစ်ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့၏ဖြစ်ခြင်းသည် ကိုယ်တော်၏ဖြစ်ခြင်းနှင့် စေ့စပ်ထုံးဖွဲ့၍ ကိုယ်တော်၏ဖြစ်ခြင်းနှင့်အတူ တစ်ခုတည်းသော စေ့စပ်ထုံးဖွဲ့မှုဖြစ်လာနိုင်ရန် ဖြစ်သည် - ဧ၊၃း၁၇က။ ၄း၄-၆။
2. ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာအသက်၏တရား လုပ်ဆောင်ခြင်းအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အထဲသို့ ယူဆောင်လာခြင်း ခံရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အသက်နှင့်သဘောသဘာဝ၌ ကိုယ်တော်နှင့် အတူ စေ့စပ်ထုံးဖွဲ့ခံရလိမ့်မည်ဖြစ်သည် - ရော၊၈း၂၊ ၆၊ ၁၀-၁၁၊ ၂၉။

C. ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်သော၊ ဘုရားသခင်နှင့် စေ့စပ်ထုံးဖွဲ့ခံရသောသူများအဖြစ် ကျွန်ုပ်တို့သည် ဘုရားသခင်ကို အသက်ရှင်သင့်ပါသည် - ဖိ၊၁း၂၁က။

1. ကိုယ်တော်၏စီမံကိန်းအရ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကိုယ်တော်၏ဒြပ်သဘာဝ၊ ကိုယ်တော်၏ ဒြပ်ကိုယ်ထည်နှင့် ကိုယ်တော်၏သဘောသဘာဝ ပါဝင်မှုများကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဝေငှဖြန့်ဖြူးပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို အသက်ရှင်နိုင်စေရန် ဖြစ်သည် - ရော၊၈း၂၊ ၆၊ ၁၀-၁၁။
2. ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာသည် အမှန်စင်စစ် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သင့်ပြီး၊ ဘုရားသခင်ကို စဉ်ဆက်မပြတ် အသက်ရှင်သော အသက်တာ ဖြစ်သင့်ပါသည် - ၁သက်၊၂း၁၂။ ၁ကော၊၁၀း၃၁။

D. ကျွန်ုပ်တို့သည် ဘုရားသခင်ကို ထင်ရှားသင့်ပါသည် - က၊၁း၂၆။ ၂ကော၊၃း၁၈။ ရော၊၈း၂၉။ ကော၊၃း၁၀။

1. ဘုရားသခင်၏ ထာဝရအကြံအစည်တော်မှာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏အသက်အဖြစ် ကျွန်ုပ်တို့အထဲသို့ လုပ်ဆောင်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ထင်ရှားစေရန် ဖြစ်သည် - ဧ၊၁း၁၁။ ၃း၁၁။ ၂တိ၊၁း၉။
2. ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ ကြံရွယ်ချက်မှာ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ပြီး၊ ကိုယ်တော်၏စုပေါင်းထင်ရှားခြင်းအတွက် ကိုယ်တော်ကို အသက်ရှင်ရန် ဖြစ်သည် - ၁ကော၊၆း၁၇။ ဖိ၊၁း၂၁က။ ဧ၊၁း၂၂-၂၃။

# ကြည်လင်ပြတ်သားစွာလေ့လာခြင်းကောက်နုတ်ချက်များ

E. ဘုရားသခင်ကို ထင်ရှားသောသူများအဖြစ် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ လှုပ်ရှားသွားလာသင့်ပါသည် - ယောရှု၊ ၁း၁-၉။ ၆း၁-၁၆။

1. ဘုရားသခင်သည် အစ္စရေးအမျိုးသားတို့အား ကြီးမားသောဘီးအဖြစ် ကိုယ်တော်၏စီမံကိန်း၌ ကိုယ်တော်နှင့်အတူ ကိုယ်တော်၏လှုပ်ရှားခြင်းတွင် အတူပူးပေါင်းပါစေလိုခဲ့သည် - ၁း၁-၉။ ၆း၁-၁၆။
2. ကျွန်ုပ်တို့သည် ကိုယ်တော်၏ စိတ်နှလုံးတော်အလိုဆန္ဒ၌၊ မြေကြီးပေါ် ကိုယ်တော်၏လှုပ်ရှားမှု၌ ဘုရားသခင်နှင့်အတူ တစ်လုံးတစ်ဝဖြစ်ရန် လိုအပ်သည် - ဧ၁း၅၊ ၉။ ဗျာ၁၄း၁-၄။

F. ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ လှုပ်ရှားသည်နှင့်အမျှ ဘုရားသခင်ကို ကိုယ်စားပြုခြင်း ရှိသင့်သည် - က၁း၂၆-၂၈။

1. ဘုရားသခင်ကို အခွင့်အာဏာနှင့်အတူ ကိုယ်စားပြုရန်အလို့ငှာ ကျွန်ုပ်တို့သည် အသက်၌ ဘုရားသခင်ကို ထင်ရှားစေရမည်ဖြစ်သည်။ အာရုန်သည် ဘုရားသခင်ကို ထင်ရှားရန် ရှင်ပြန်ထမြောက်ခြင်းအသက် ရှိသောကြောင့် သူသည် ဘုရားသခင်ကို ကိုယ်စားပြုရန် အခွင့်အာဏာ ရှိရခြင်းဖြစ်သည် - အငယ်၊၂၆။ ၂း၉။ စာရင်း၊၁၇း၁-၈။
2. ဘုရားသခင်အတွက် လုပ်ဆောင်ရန် မှန်ကန်သင့်လျော်သည့်နည်းလမ်းမှာ ဘုရားသခင်ကို ကိုယ်စားပြုရန်ဖြစ်သည် - ထွ၊၇း၁-၂။

G. ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်း၊ ဘုရားသခင်ဖြင့် စေ့စပ်ထုံးဖွဲ့ခြင်း၊ ဘုရားသခင်ကို အသက်ရှင်ခြင်း၊ ဘုရားသခင်ကို ထင်ရှားခြင်း၊ ဘုရားသခင်နှင့်အတူ လှုပ်ရှားခြင်းနှင့် ဘုရားသခင်ကို ကိုယ်စားပြုခြင်း ရှိမည်ဆိုလျှင် ကျွန်ုပ်တို့သည် ပြုမူလုပ်ဆောင်သော ဘုရားသခင်အဖြစ် လှုပ်ရှားပြုမူခြင်း ရှိနိုင်မည်ဖြစ်သည်။

1. ဘုရားသခင်သည် ကိုယ်တော်၏စီမံကိန်း သယ်ဆောင်စေရန်အလို့ငှာ ကျွန်ုပ်တို့ကို အသက်၊ သဘောသဘာဝ၊ ထင်ရှားခြင်းနှင့် လုပ်ဆောင်ချက်တို့၌ ကိုယ်တော်နှင့်တူညီစေခြင်းငှာ တတ်စွမ်းနိုင်သည် - ကော၊၃း၄။ ၂ပေ၊၁း၄။ ဧ၃း၉။
2. ဘုရားသခင်၏လူအဖြစ် ပရောဖက် ဧလိရှဲသည် သူ၏အမှုတော်၌ ဘုရားသခင်၏ကိုယ်စားပြုအဖြစ်၊ ပြုမူလုပ်ဆောင်သော ဘုရားသခင်အဖြစ် မိမိကိုယ်ကို ပြုမူခဲ့သည်။ ယနေ့ ခရစ်တော်၌ ယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့သည် ထို့ အတူပင်ဖြစ်နိုင်ကြပြီး၊ ကိုယ်တော်၏စီမံကိန်း၌ ပြုမူလုပ်ဆောင်သောဘုရားသခင်အဖြစ် လှုပ်ရှားလုပ်ဆောင်နိုင်ကြသည် - ၂ဘုရင်၊၄း၉။ ၁တိ၊၆း၁၁။ ၂တိ၊၃း၁၇။